Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေး အလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

## သင်ရိုးပိုင်း ၁

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

# အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း

Implemented by:

# သင်ရိုးပိုင်း ၁ - အများအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ အားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို အားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ပထမပိုင်း**ဖြစ်ပါသည်။ အားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်မှ ၂၁-ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ မြန်မာနိုင်ငံတစ်ဝန်း ပညာရေးကောလိပ်များမှ ဦးဆောင်အဖွဲ့နှင့် ဆရာအတတ်သင် ဆရာ/မတို့အတွက် ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | **အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း** |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် အကျုံးဝင်သည့် သင်ယူမှုရလဒ်များအတွက် အစီအစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မစွမ်းမသန်ဖြစ်သော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

ဤသင်ရိုးပိုင်းမှ အားလုံးအကျုံးဝင်မှု၏အခြေခံမှုများ၊ အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မတို့၏ အင်္ဂါရပ်များကို စဉ်းစားရာတွင် အထောက်အကူပြုပါမည်။ ဆရာအတတ်သင် ဆရာ/မတစ်ဦးအနေဖြင့် မိမိ၏ အားလုံးအကျုံးဝင်မှု အလေ့အကျင့်ကို သင်တန်းတစ်လျှောက် ပြန်လည်သုံးသပ်နိုင်ရန် တိုက်ဆိုင်စစ်ဆေးစာရင်း

(checklist)တစ်ခုပေးထားပါသည်။ သုံးသပ်ချက်များကို သင်ယူမှု ဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏လက်ရှိနှင့် အနာဂတ်အလေ့အကျင့် အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။

ဤ CPDသင်ရိုးမှ သင်နှင့် လုပ်ဖော်ကိုင်ဖက်များအကြား လုပ်ငန်းတူအဖွဲ့များ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ မိမိသင်ကြားရေးတွင် အားလုံးအကျုံးဝင်မှုအလေ့အကျင့်များ ပံ့ပိုးပေးကာ ကျယ်ပြန့်စေမည်ဖြစ်ပြီး ဆရာအတတ်သင် သင်တန်းသူ/သားများ၏ သင်ယူမှုနှင့် အနာဂတ်လုပ်ငန်းခွင်အလေ့အကျင့်အတွက် အားလုံးအကျုံးဝင်မှုကို အခြေပြု တည်ဆောက်စေနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှု ဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ်(ဥပမာ- Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကို သူတစ်ပါးနှင့် ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကို ဓါတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များ၊ မိမိ၏ သင်ကြားရေးများတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



Source: Rose, N. (2018) Personal Learning Journals

သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲသုံးပါ
- လုပ်ဆောင်ချက်နှင့် ဆက်စပ်လျက် လုပ်ဆောင်ချက်နံပါတ်သုံးပါ။ ဥပမာ လုပ်ဆောင်ချက် ၁.၁
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်မဆို ကိုးကားပါ
- လုပ်ဆောင်ချက်အဖြေမှတ်သားပါ
- မိမိ၏သင်ဥူဘယူမှုအကြောင်း သုံးသပ်ချက်ရေးပါ
- ဝေါဟာရသစ်များ မှတ်သားပါ

မိမိသုံးဖို့လွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများ ဖြေကြားသည့် မှတ်စုများရေးနိုင်သည်။

ဒီနေ့ဘာလေ့လာခဲ့သလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

မေးခွန်းများက ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသစ်၏ လေ့လာ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြပုံစံကို လိုက်နာကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယားတစ်ခု ဆွဲပြီး လုပ်ဆောင်ဖွယ်များလုပ်ရန် အချိန်တစ်ခု ရွေးချယ်ကာ လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များ ပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန် ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက်အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်ကိုစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။
အုပ်စုဖွဲ့လုပ်ဆောင်လျှင် ‘Think, pair, share’နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေအတူတူတိုက်ကြရန်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## အားလုံးအကျုံးဝင် CPD သင်ရိုးပိုင်းမှကြိုဆိုပါ၏

သင်ရိုးပိုင်းများတွင် ပညာရေး အခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှု ဟူသော အဓိကအကြောင်းအရာ ၃ ခုကို စူးစမ်းလေ့လာထားပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလှကျက်ရှိပါသည်။

အားလုံးအကျုံးဝင်ရေးသည် ကမ္ဘာ့နိုင်ငံအများစု လေ့လာလိုက်စားနေသည့် ကမ္ဘာ့အရေးဖြစ်ပါသည်။ လူအများ၊ ရပ်ရွာများ၊ နိုင်ငံများ ဖွံ့ဖြိုးအောင်မြင်ရေးကို အဟန့်အတားဖြစ်စေသည့် တစ်ဖက်စောင်းနင်းဖြစ်မှုများကို ပယ်ဖျက်မည့် နည်းလမ်းတစ်သွယ်အဖြစ် အသိအမှတ်ပြုကြပါသည်။ မှန်မှန်ကန်ကန်လုပ်ဆောင်ရန်မှာ သင်နှင့် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် ပန်းတိုင်ဖြစ်သည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ဆရာအတတ်သင် ကျောင်းသူ/သားတို့၏သင်ကြားရေးနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ ယုံကြည်ချက်နှင့် သဘောထားများကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးသားထားပါသည်။ သင်တန်းသူ/သားအားလုံး၊ တပည့်အားလုံး သင်ခန်းစာကို ပါဝင်တက်ရောက်၊ တတ်မြောက်နိုင်စေရန် မိမိ၏ အလေ့အကျင့်တိုးတက်စေနိုင်မည့် နည်းလမ်းကို ပြန်လည်သုံးသပ်ရန် အထောက်အကူ ဖြစ်စေပါမည်။ အရေးကြီးသည့်အချက်မှာ အားလုံးအကျုံးဝင်မှုအကြောင်း အသိပညာနှင့် အလေ့အကျင့်ကို လုပ်ဖော်ကိုင်ဖက်အားလုံးနှင့် ပိုမိုကျယ်ပြန့်သည့် လူ့ဘောင်တစ်ခွင်မှ ကျောင်းသူ/သားများနှင့်ဝေမျှရန် သင့်တွင် တာဝန်ရှိပါသည်။

လုပ်ငန်းကို မိမိ၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုကို ထောက်ရှုလျက် မိမိနှုန်းဖြင့် တိုးတက်လုပ်ဆောင်ရန် ဖြစ်သည်။ သင်ပါဝင်လုပ်ဆောင်နေသည့် လုပ်ငန်းကို ပျော်မွေ့ပြီး မြန်မာနိုင်ငံ ကြီးပွားတိုးတက်ကြောင်း အကျိုးဆောင်နေရသည်ကို ဝမ်းမြောက်လိုက်ပါ။

ပညာရေးသည် မိမိအတွက် မည်သို့အဓိပ္ပါယ်ရှိကြောင်း အောက်ပါဗီဒီယိုကို ကြည့်ပြီး စတင်သုံးသပ်ပါ။




https://youtu.be/Un5msddQl6U

သင်ရိုးပိုင်းများမှ အားလုံးအတွက် အများအကျုံးဝင်သည့် သင်ကြားရေး ဝန်းကျင်တစ်ရပ်ကို မိမိတို့မှ မည်ကဲ့သို့ ဖန်တီးနိုင်ကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင်သင်ကြားရေး အလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှရှိရေး၊ ၂၁-ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်ရေး၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေး၊ ဖော်ဆောင်၊ အသုံးပြုစေနိုင်ပေး ပံ့ပိုးပေးနိုင်ကြောင်း တွေ့ရပါမည်။

အောက်ပါသင်ရိုးပိုင်းတစ်ခုချင်း မိမိစိတ်ကြိုက်အမြန်နှုန်းဖြင့် လုပ်နိုင်သော လုပ်ဆောင်ချက်အစဉ်များ ပါဝင်ပါသည်။ စာအုပ်ဖတ်ပြီးလျှင် ပဟေဠိတစ်ခုကို ဖြေဆိုရပါမည်။

## သင်ရိုးပိုင်း ၁ အတွက် သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါမည်** |
| **၁. အားလုံးအကျုံးဝင်မှုအခြေခံမှုများကို ရှင်းပြခြင်း** |
| **၂. အားလုံးအကျုံးဝင်မှု အဘယ်ကြောင့်အရေးကြီးကြောင်းဆွေးနွေးခြင်း** |
| **၃. အားလုံးအကျုံးဝင်သည့်ကျောင်းဖြစ်ပုံကိုရှင်းပြခြင်း** |
| **၄. အားလုံးအကျုံးဝင်သည့်စာသင်ခန်းဖြစ်ပုံကိုရှင်းပြခြင်း** |
| **၅. အားလုံးအကျုံးဝင်စေမည့် ဆရာ/မဖြစ်ပုံကိုရှင်းပြခြင်း** |

## ၁. နိဒါန်း

ဤ**ပထမသင်ရိုးပိုင်းတွင် သင့်အတွက်** အားလုံးအကျုံးဝင်မှု၏ အဓိပ္ပါယ်၊ **အဘယ်ကြောင့်အကျုံးဝင်ရန်**လိုအပ်ကြောင်း၊ အားလုံးအကျုံးဝင်သည့် **ကျောင်းတစ်ကျောင်း၊ စာသင်ခန်းတစ်ခန်း**နှင့် **ဆရာ/မ**တစ်ဦး၏ **အင်္ဂါရပ်များ**အကြောင်း စဉ်စားပါ။

သင်လုပ်ဆောင်ရန်မှာ -

- ✔ အားလုံးအကျုံးဝင်မှုအကြောင်းဖတ်ပါ (အထက်ပါ link)
- ✔ ဗီဒီယိုအချို့ကြည့်ပြီး အားလုံးအကျုံးဝင်မှုကို စိပ်ဖြာသုံးသပ်ပါ
- ✔ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲ (သို့) အုပ်စုငယ်များဖြင့်လုပ်ဆောင်ပါ
- ✔ အဓိကမေးခွန်းများအကြောင်းစဉ်းစားပါ
- ✔ သင်ရိုးပိုင်းအဆုံးသတ် ပဟေဠိဖြေပါ
- ✔ သင့်အတွေ့အကြုံနှင့် သိရှိနားလည်မှုကို ပြန်လည်သုံးသပ်ပါ

ဤသင်ရိုးပိုင်းပြီးအောင်လုပ်ရန် ၇ နာရီနီးပါး ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ကြားရေးအတွေ့အကြုံရမည်ဟု မျှော်လင့်ပါသည်။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေနှင့်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
| | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## ၁.၁ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လှန်သုံးသပ်ချက် - လက်ရှိလုပ်ငန်းတွင် အားလုံးအကျုံးဝင်မှုအကြောင်း မိမိ၏ နားလည်မှုအပေါ် မည်မျှ ယုံကြည်စိတ်ချပါသနည်း။ အောက်ပါစကေးရှိ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။

| စိတ်မချပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်စိတ်ချသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအပြီး နောက်တစ်ကြိမ်လုပ်ရပါမည်။

## ၂. အားလုံးအကျုံးဝင်မှုက သင့်အတွက်မည်သို့အဓိပ္ပါယ်ဆောင်ပါသနည်း

ဤပထမလုပ်ဆောင်ချက်တွင် အားလုံးအကျုံးဝင်မှုကို သင်မည်သို့နားလည်ကြောင်း စဉ်းစားပါ။

### လုပ်ဆောင်ချက် ၁.၂ - အားလုံးအကျုံးဝင်မှုက သင့်အတွက်မည်သို့အဓိပ္ပါယ်ဆောင်ပါသနည်း (၁၅ မိနစ်)

သင်၏ဆရာ/မအလုပ်အကြောင်း၊ သင်ကြားရေးအလုပ်ခွင်ပြင်ပ ရပ်ရွာမှ သင့်ဘဝအကြောင်း စဉ်းစားပါ။
အောက်ပါမေးခွန်းများ ဖြေဆိုပြီး သင့်အတွက် အားလုံးအကျုံးဝင်မှု၏ အဓိပ္ပါယ်ကို စတင်သုံးသပ်ပါ။

သင့်အတွေးအမြင်များကို သင်ယူမှုဂျာနယ်တွင် မှတ်သားပါ။
၁. အားလုံးအကျုံးဝင်မှုကို **မည်ကဲ့သို့**နားလည်ပါသနည်း
၂. သင့်အတွက် အားလုံးအကျုံးဝင်မှုအလေ့အကျင့်က မည်သည့်အဓိပ္ပါယ်ဆောင်ပါသနည်း
၃. **ပညာရေး**တစ်ခုတည်းနှင့် သက်ဆိုင်ပါသလား (သို့) **အခြားအလုပ်ခွင်နှင့် လူမှုနယ်ပယ်**တို့နှင့်လည်း သက်ဆိုင်ပါသလား/ အရေးကြီးပါသလား



Source: [https://pixabay.com](https://pixabay.com). Free use

## ဖတ်ကြားမှုလုပ်ဆောင်ချက်

အားလုံးအကျုံးဝင်မှုအကြောင်း အောက်ပါကောက်နုတ်ချက်အတိုကို**ဖတ်ပါ**။ **စိတ်ဝင်စားဖွယ်/စကားလုံးအသစ်များကို မှတ်သားပါ**။

| |
|---|
| ဤကောက်နုတ်ချက်ကို နိုင်ငံတကာပညာရေးအဖွဲ့/ယူနက်စကို၏ 'သင်ယူသူအားလုံးအတွက်ကမ်းသည့်လက်' ကို မှီငြမ်းထားပါသည်။ (IBE, 2018) https://unesdoc.unesco.org/ark:/48223/pf0000137522_bur<br>'**အားလုံးအကျုံးဝင်မှုမှာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။** ကျောင်းသူ/သားများအကြား **ခြားနားချက်များကို တုံ့ပြန်ရာတွင်** ပိုမိုကောင်းမွန်သည့် နည်းလမ်းများအား မဆုံးတမ်း ရှာဖွေခြင်းဖြစ်သည်။ အားလုံးအကျုံးဝင်မှုဖြင့်<br>➢ မတူကွဲပြားမှုအကြားနေထိုင်တတ်စေရန်<br>➢ မတူကွဲပြားမှုမှ လေ့လာတတ်စေရန် ရည်သန်ပါသည်။<br><br>၁. အားလုံးအကျုံးဝင်မှုဖြင့် ကလေးတို့သင်ယူရာတွင် အခက်ကြုံစေသည့် အတားအဆီးများ ရှာဖွေရန်၊ ဖယ်ရှားရန်ဖြစ်ပါသည်။ အတားအဆီးဖြစ်စေသည့် အကြောင်းများမှာ -<br>➢ ကျောင်းဖွဲ့စည်းပုံ |

- သင်ကြားပုံ
- ကလေးတို့ သင်ယူတတ်မြောက်မှုအပေါ် မိမိတို့၏အမြင်

ကျောင်းများမှ ဤအတားအဆီးများကို ရှာဖွေကာ ကလေးတို့စာသင်ရာတွင် မည်မျှအခက်ကြုံစေကြောင်းစူးစမ်းရပါမည်။ ကျောင်းအတွင်း အားလုံးအကျုံးဝင်မှုတိုးတက်လာစေရန် ဖန်တီးမှုစွမ်းရည်နှင့် ပြဿနာဖြေရှင်းမှုများ အသုံးပြုကာ နည်းလမ်းရှာနိုင်ပါသည်။

၂. အားလုံးအကျုံးဝင်မှုမှ **ကျောင်းသူ/သားအားလုံး၏ တက်ရောက်မှု၊ ပါဝင်ဆောင်ရွက်မှုနှင့် အောင်မြင်မှု**ကို တန်ဖိုးထားပါသည်။

- **တက်ရောက်မှု** – ကလေးတွေကျောင်းတက်နေပါသလား။
- **ပါဝင်ဆောင်ရွက်မှု -** ကျောင်းတွင် ကလေးတို့ ကောင်းမွန်၊ ပျော်ရွှင်သော သင်ယူမှုအတွေ့အကြုံရကြပါသလား။
- **အောင်မြင်မှု -** အစမ်းနှင့်စာမေးပွဲရလဒ်မျှသာမဟုတ်ဘဲ သင်ရိုးတစ်လျှောက် ကလေးတို့အောင်မြင်ဖို့ အရေးကြီးပါသလား။

၃. ဘေးဖယ်ခံရခြင်း၊ ဖဲကြဉ်ခံရခြင်း၊ အောင်မြင်မှုနည်းပါးခြင်းဘေးများ ကြုံနေရသော ကလေးတို့ကို အားလုံးအကျုံးဝင်မှုအရ အထူးဂရုစိုက်ပေးပါသည်။ ထိုကလေးများကို စစ်ဆေးရန်၊ ပညာရေးစနစ်အတွင်း ကလေးတို့၏ တက်ရောက်မှု၊ ပါဝင်ဆောင်ရွက်မှုနှင့် အောင်မြင်မှုတို့အတွက် ပံ့ပိုးပေးနိုင်ရေး လုပ်ငန်းရပ်များ ချမှတ်ပေးရန် မိမိတို့တွင် တာဝန်ရှိပါသည်။ ကမ္ဘာတစ်ဝန်း **ဆရာ/မ၊ မိသားစု၊ ရပ်ရွာလူထု၊ နိုင်ငံရေး၊ ဘာသာရေးခေါင်းဆောင်များ၊ ပညာရေးရုံးတို့** အပါအဝင် လူတိုင်းလူတိုင်း စာသင်ကျောင်းတွင်း အားလုံးအကျုံးဝင်အောင် ပါဝင်လုပ်ဆောင်ရန် အရေးကြီးပါသည်။

၄. ၂၀၀၉ ခုနှစ်တွင် ယူနက်စကိုက အားလုံးအကျုံးဝင်သော ကျောင်းများသည်

- ပညာရေးအရထိရောက်ကြောင်း
- ကျန်းမာရေးကောင်းသည့်ဝန်းကျင်ရှိကြောင်း
- ကလေးအားလုံးကိုကာကွယ်ပေးကြောင်း
- ကျား/မအလိုက်တုံ့ပြန်ပေးကြောင်း မှတ်သားခဲ့ပါသည်။

၅-၆. အားလုံးအကျုံးဝင်သည့်ကျောင်းများမှ အောက်ပါတို့ကိုအားပေးပါသည်

- ကလေးအားလုံး၊ ၎င်းတို့မိသားစုနှင့် ရပ်ရွာလူထုတို့ပါဝင်ဆောင်ရွက်မှု - **ကျောင်းတွင်း မိတ်ဖွဲ့ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတို့မှ မည်သည့်ကလေးကိုမျှ ဖယ်ကြဉ်မထားကြပါ။**
- အားလုံးအကျုံးဝင်ကျောင်းများသည် **ကျောင်းသူ/သားအားလုံးကို လက်ခံသော** အခွင့်အရေးအခြေပြု၊ ကလေးပျော်ကျောင်းများဖြစ်ပါသည်

**ဆက်ဆံရေး အရေးကြီးပါသည် -** ကလေးတို့အတူတကွလုပ်ကိုင်ကြကစားကြပုံ၊ ဆရာ/မနှင့်ကလေးတို့ အတူတကွ လုပ်ကိုင်ကြပုံ၊ ဆရာ/မအချင်းချင်း အတူတကွလုပ်ကိုင်ကြပုံ - ကလေးတိုင်းကို တန်ဖိုးထားပြီး သင်ကြားသင်ယူရေး လုပ်ငန်းစဉ်တွင် ပါဝင်ရန် အားပေးကြပုံတို့ ဖြစ်ပါသည်။

## လုပ်ဆောင်ချက် ၁.၃ အားလုံးအကျုံးဝင်မှုဖွင့်ဆိုချက် (၃၀ မိနစ်)

ပြီးခဲ့သည့် စာဖတ်လေ့ကျင့်ခန်းမှ အားလုံးအကျုံးဝင်မှုအကြောင်း အနည်းငယ်လေ့လာခဲ့ပြီ။ သိထားသည့် အချက်အလက်များကို သင့်အတွေးအခေါ် ပိုမိုဖွံ့ဖြိုးစေရန် **အမေးနှင့်အဖြေ**တွဲပေးရာတွင်သုံးပါ။ မျဉ်းကြောင်းဆွဲလိုကဆွဲ (သို့) သင်ယူမှုဂျာနယ်မှ ဇယားကိုကူးလိုကကူးနိုင်ပါသည်။ ဥပမာတစ်ခုပေးထားပါသည်။

**Q1** အားလုံးအကျုံးဝင်မှုအတွက် အတားအဆီးများကို ကျောင်းများမှ ကြည့်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း

**Q2** ကျောင်းအတွင်း အားလုံးအကျုံးဝင်စေရန် မည်သူတို့ ပါဝင်လုပ်ဆောင်ရပါမည်နည်း

**Q3** အားလုံးအကျုံးဝင်စေမည့် အဓိကနယ်ပယ် သုံးခုမှာ အဘယ်နည်း

**Q4** အားလုံးအကျုံးဝင်သည့် ကျောင်းများမှ ကလေးများကို မည်သို့ကာကွယ်ပေးပြီး ကျန်းမာစေမည်ဟု ထင်ပါသနည်း

**Q5** အားလုံးအကျုံးဝင် စာသင်ကျောင်းများတွင် ထိရောက်သည့် ဆက်ဆံရေး အဘယ်ကြောင့် အရေးကြီးပါသနည်း

**Q6** အားလုံးအကျုံးဝင်ကျောင်းများမှ ကျား/မရေးရာတွင် မည်မျှ တုံ့ပြန်မှုအားကောင်းသည်ဟု ထင်မြင်ပါသနည်း

**A1** ဆရာ/မနှင့် ကျောင်းသူ/သားတိုင်း တန်ဖိုးထားမှ ကောင်းမွန်စွာ ပူးပေါင်းလုပ်နိုင်ပါမည်

**A2** ကျောင်းဝန်းကျင် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ကာကွယ်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သည့် မုန့်ပဲသွားရေစာ၊ လတ်ဆတ်သည့်လေနှင့် ဆေးကြောသန့်စင်ရန်နေရာများ ပေးထားပါသည်

**A3** အချို့အုပ်စုများမှ ပါဝင်မှု မရှိနိုင်ချေပိုများပါသည်။ ဥပမာ - မိန်းကလေးများ ကျောင်းတက်နိုင်ချေ ပိုနည်းပါသည်

**A4** အားလုံးပါဝင်လာနိုင်စေရန် အတားအဆီးများကို ဖော်ထုတ်ပြီး ဖယ်ရှားရပါမည်

**A5** တက်ရောက်ရှိမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် အောင်မြင်မှု

**A6** ဆရာ/မ၊ မိသားစု၊ ရပ်ရွာလူထု၊ နိုင်ငံရေးနှင့်ဘာသာရေး ခေါင်းဆောင်များ၊ ပညာရေးရုံးများ အပါအဝင် လူတိုင်းပင် ဖြစ်ပါသည်

အဖြေ

| Q1 | Q2 | Q3 | Q4 | Q5 | Q6 |
|---|---|---|---|---|---|
| | | | | A1 | |

အထက်ပါအချက်အလက်နှင့် အဖြေများသုံးလျှက် **အောက်ပါမေးခွန်းများကို သင်ယူမှု ဂျာနယ်**တွင် ဖြေဆိုပါ။ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် အဖြေတိုက်ပါ။

၁. **အားလုံးအကျုံးဝင်မှုဟူသည်အဘယ်နည်း။** သင်ယူမှုဂျာနယ်တွင်ရေးပါ။

## လုပ်ဆောင်ချက် ၁.၃ အဖြေ - အားလုံးအကျုံးဝင်မှုဖွင့်ဆိုချက်

| Q1 | Q2 | Q3 | Q4 | Q5 | Q6 |
|---|---|---|---|---|---|
| A4 | A6 | A5 | A2 | A1 | A3 |

**၁. အားလုံးအကျုံးဝင်မှုဟူသည်အဘယ်နည်း။**

**အားလုံးအကျုံးဝင်မှုသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ကျောင်းသူ/သားများအကြား ခြားနားချက်ကို** ပိုမိုကောင်းမွန်သည့် **တုံ့ပြန်နည်းအား** ဆုံးစမထင်သည့် ရှာဖွေမှုတစ်ရပ်လည်းဖြစ်ပါသည်။ ကလေးအားလုံး တက်တက်ကြွကြွ ကျောင်းတက်ကာ ပါဝင်လှုပ်ရှား၊ အောင်မြင်စေနိုင်ရေး **အတားအဆီးများ ဖယ်ရှားပေး**ရန်ဖြစ်ပါသည်။

## လုပ်ဆောင်ချက် ၁.၄ တန်ဖိုးအထားခံရခြင်း (၂၀ မိနစ်)

လုပ်ဆောင်ချက် ၁.၂ တွင်ဖတ်ခဲ့သည့် ကောက်နုတ်ချက်မှ ကလေးတိုင်း၊ လူငယ်တိုင်း၏ **တက်ရောက်မှု၊ ပါဝင်လုပ်ရှားမှုနှင့် အောင်မြင်မှု**တို့ကို အားလုံးအကျုံးဝင်မှုမှ တန်ဖိုးထားပုံကို ဦးတည်ဖော်ပြခဲ့ပါသည်။

ထိုအခြေခံသဘောတရား သုံးချက်ကို အသုံးပြုလျက် မိမိ၏သင်ကြားရေးလုပ်ငန်း၊ ပညာရေးနှင့် သင်ကြားရေးပြင်ပ ဘဝတွင် **မိမိအား တန်ဖိုးထားဖူးသည့်** အတွေ့အကြုံများအကြောင်း စဉ်းစားပါ။ ပြန်လည်သုံးသပ်ပြီးလျှင် အောက်ပါဇယားကို ကူးယူ ဖြေကြားရန်။ ဥပမာတစ်ခုပေးထားပါသည်။

| အခြေခံမှုများ | မည်သည့်အခါက မိမိကိုတန်ဖိုးထားဖူးပါသနည်း | မိမိအားတန်ဖိုးထားသည်ဟု ခံစားရအောင် လူများက မည်သို့လုပ်ဆောင်ပါသနည်း |
|---|---|---|
| ၁. **မိမိရှိနေသည်ကို** တန်ဖိုးထားသည့်အချိန်မှာ... | | |
| ၂. မိမိ**ပါဝင်လုပ်ဆောင်မှု**ကို တန်ဖိုးထားသည့်အခါမှာ... | | |
| ၃. မိမိ**အောင်မြင်မှု**ကို တန်ဖိုးထားသည့်အခါမှာ ..... | အိမ်တွင် မိသားစုနှင့်အတူရှိခဲ့စဉ် | အစ်မအား တက္ကသိုလ်လျှောက်နည်းပြရန် အဖေက ခိုင်းသည့်အခါ။ အဖေက ကျွန်တော်/မ၏ အတွေ့အကြုံကို တန်ဖိုးထားပြီး ယုံကြည်မှုရှိပါသည် |

## ၃. အားလုံးအကျုံးဝင်မှုအရေးကြီးကြောင်း

အားလုံးအကျုံးဝင်မှုသည် 'အားလုံးအကျုံးဝင်ကာ သာတူညီမျှရှိသည့် အရည်အသွေးမြင့် ပညာရေးကို အားလုံးရရှိစေပြီး တစ်သက်တာသင်ကြားရေး အခွင့်အလမ်း မြှင့်တင်ပေးရန်'ဟူသော ရေရှည်တည်တံ့မည့်ဖွံ့ဖြိုးရေးပန်းတိုင် (SDG) ၄ ၏ အဓိကအပိုင်း တစ်ခုဖြစ်ပါသည်။ 'နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား မညီမျှမှု လျှော့ချရန်'ဟူသော SDG ၁၀ ၏ အရေးကြီးသည့် အစိတ်အပိုင်း ဖြစ်ပါသည်။

## လုပ်ဆောင်ချက် ၁.၅ အားလုံးအကျုံးဝင်မှုအရေးကြီးပုံ (၄၅ မိနစ်)

ယခင်လုပ်ဆောင်ချက်များတွင် အားလုံးအကျုံးဝင်မှုအကြောင်း စဉ်းစားပြီး အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပြီ။

အောက်ပါ ဗီဒီယို ၃ ကားကိုကြည့်ပြီး လက်ယာဖက်မှ မှတ်ချက်များကို လက်ဝဲဖက်မှ ဗီဒီယိုများနှင့် မျဉ်းသွယ်ပြီး ဆက်ပေးပါ။ ဘယ်မှတ်ချက်က ဘယ်ဗီဒီယိုနှင့် တွဲပါမည်နည်း၊ ဥပမာတစ်ခုပေးထားပါသည်။

အဆိုနှင့် ဗီဒီယိုများအကြား ဆက်ပြီးလျှင် အောက်ပါမေးခွန်းများဖြေဆိုပါ။

၁. အားလုံးအကျုံးဝင်မှုအရေးပါပုံကို ဗီဒီယိုတွင်မည်ကဲ့သို့သရုပ်ဖော်ထားပါသနည်း။

- သင်ပေးထားသည့် အားလုံးအကျုံးဝင်မှုအရေးပါပုံ အကြောင်းပြချက်နှင့် တူညီပါသလား (သို့) ခြားနားပါသလား။
- ဗီဒီယိုမှ အတွေးအမြင်များနှင့် သဘောတူ/သဘောကွဲလွဲပါသလား။ ရှင်းပြပါ။

အဖြေကို သင်ယူမှုဂျာနယ်တွင် မှတ်သားပြီး ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်တစ်ဦးထံ ဝေမျှပါ။




https://youtu.be/8HPh4RoV63s




https://youtu.be/GrdcE6iKV-k



ကျောင်းတွင်ကလေးတိုင်းအကျုံးဝင်သည်

သူမကို အထွေအထူးသင်ကြားရန် မလိုပါ

အားလုံးအကျုံးဝင်မှုဖြင့် စီးပွားရေးဖွံ့ဖြိုးမှုမြင့်မားစေသည်

ကလေးအားလုံးအခွင့်အရေးတန်းတူညီမျှရှိကြသည်

https://youtu.be/j0aiuxq_Uh0

လုပ်ဆောင်ချက် ၁.၅ အဖြေ - အားလုံးအကျုံးဝင်မှုအရေးကြီးပုံ

ယခုအခါ အားလုံးအကျုံးဝင်မှုသည် ကမ္ဘာတစ်ဝန်း အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်း သင်နားလည်လောက်ပါပြီ။ တိုင်းပြည်များ၊ နိုင်ငံသူ/သားများမှ ဖွံ့ဖြိုးတိုးတက်ကြီးပွားကာ ပျော်ရွှင်သော၊ အကျိုးဖြစ်ထွန်းသော နေထိုင်မှုဘဝ ဖြစ်စေရန် ကူညီပေးနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်လည်းဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း လူတိုင်းကို တန်ဖိုးထားစေပါသည်။ မှတ်ချက်အတော်များများ ဗီဒီယိုသုံးခုလုံးနှင့် ချိတ်ဆက်နေကြောင်း သင်သတိထားမိပါလိမ့်မည်။

## ၄. အားလုံးအကျုံးဝင်ကျောင်း/ပညာရေးကျောင်းဟူသည်အဘယ်နည်း

ဤသင်ရိုးပိုင်းတစ်လျှောက် အားလုံးအကျုံးဝင်မှု၏အဓိပ္ပါယ်ကို စတင်သုံးသပ်ခဲ့ပြီ။ အောက်ပါ အပိုင်း သုံးပိုင်းတွင် ပညာရေးကျောင်း၌ အားလုံးအကျုံးဝင်မှုအပေါ် **အသွင်အပြင်၊ ခံစားချက်နှင့် သဘောထားအကြောင်း** - အထူးသဖြင့် **သင်ကိုယ်တိုင်** အားလုံးအကျုံးဝင်သည့် **ဆရာ/မတစ်ဦး ဖြစ်နိုင်ပုံ**အကြောင်း စဉ်းစားပါ။

မတူကွဲပြားမှုကို လက်ခံယုံကြည်ခြင်း (စာအုပ် ၁) အပိုင်း ၁ (၁.၁)ကို အချိန်ပေးဖတ်ပါ။

https://unesdoc.unesco.org/ark:/48223/pf0000137522_bur

မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရရှိနိုင်ပြီး အရင်းအမြစ်ဖိုင်တွင်တွေ့နိုင်ပါသည်။ စာအုပ်မှ လုပ်ဆောင်ချက်များကို လုပ်ရန် မလိုသော်လည်း မိမိလေ့လာခဲ့သည်များကို အောက်ပါလုပ်ဆောင်ချက်များတွင် သုံးပါမည်။

အားလုံးအကျုံးဝင်ကျောင်း တစ်ကျောင်းနှင့်တစ်ကျောင်း **အသွင်အပြင်၊ ခံစားချက်နှင့် သဘောထား**များ ကွဲပြားနိုင်ပါသည်။ ကျောင်းမှ ကြီးကောင်းကြီးနိုင်၊ ငယ်ကောင်းငယ်နိုင်၊ မြို့တွင် (သို့) ရွာတွင် တည်ရှိနိုင်ပါသည်။ အရင်းအမြစ်အမြောက်အမြား (သို့) အနည်းငယ်မျှသာ ရှိနိုင်ပါသည်။ **ကျောင်းတွင်း ဖြစ်စဉ်နှင့် စီမံခန့်ခွဲသူ၊ ဆရာ/မ၊ ကျောင်းသူ/သားတို့၏ သဘောထားကြောင့် အားလုံးအကျုံးဝင်မှု ရှိလာရပါသည်။** သင်ယူမှုအတွက် အဟန့်အတားများကို သင်ယူမှုအတွက် ပံ့ပိုးမှုဖြင့် အစားထိုးလိုက်ပြီး ကလေးတို့နှင့် မစိမ်းသည့် အားလုံးအကျုံးဝင်သည့် ဝန်းကျင်တစ်ရပ်ကို ကျောင်းတွင် ဖန်တီးပြီး ဖြစ်ပါလိမ့်မည်။ ၎င်းတို့ရှိနေခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် အောင်မြင်မှုတို့ကို တန်ဖိုးထားကြောင်း လူတိုင်းခံစားရပါသည်။

အားလုံးအကျုံးဝင်သည့် ကျောင်းမှန်လျှင် အနံ့အပါအဝင် အာရုံအားလုံး အကျုံးဝင်သည်။ အောက်ပါသုံးခုကို စူးစိုက်ပါမည်။

| အမြင် | အ<br>ထ<br>အ<br>ေ | အကြား |
|---|---|---|



Source: https://pixabay.com

Source: commons.wikimedia.org/



Source: https://pixabay.com

## လုပ်ဆောင်ချက် ၁.၆ အားလုံးအကျုံးဝင်ပညာရေးကျောင်းဟူသည်အဘယ်နည်း (၄၅ မိနစ်)

**တွေးရန်** - အောက်ပါပညာရေးကောလိပ်တစ်ခု၏ နိစ္စဓူဝ နေ့စဥ် လုပ်ငန်းဆောင်တာ ဥပမာများကိုဖတ်ပါ။ အားလုံးအကျုံးဝင် (သို့) အကျုံးမဝင်သည့် အလေ့အကျင့် ဖြစ်မဖြစ် ဆုံးဖြတ်ပါ။ ဥပမာနှစ်ခုပေးထားပါသည်။

- ကျောင်းသူ/သား မိဘများအားလုံးသည် မိမိတို့အားလက်ခံသည်ဟု ခံစားရသည်။
- ကလေးတို့၏ လက်ရာအချို့ကို ကျောင်းတစ်ခွင် ပြသထားသည်။
- စာသင်ခန်းတိုင်း ကလေးတို့၏အောင်မြင်မှုများကို ဂုဏ်ပြုထားသည် ။
- အတန်းတိုင်း ၁၅၀-မမ လှေခါးထစ်ရှိသည်။ အဆင်းအတက် ကုန်းလျှောမရှိပါ။
- ယဥ်ကျေးမှုပေါင်းစုံပွဲတော်များကျင်းပပေးပါသည်။
- ဆရာ/မအများစု မိဘများနှင့် တွေ့ဆုံစကားပြောပါသည်။
- အရင်းအမြစ်အလွန်ရှားပါးသော်လည်း ကောင်းကောင်းသုံးပါသည်။
- ရာထူးကြီးဝန်ထမ်းများ ဘယ်တော့မှ အတန်းဆင်းမကြည့်ပါ။
- CPD ပွဲ/သင်တန်းတစ်ခုမှာ သင်ရိုးသစ်ကိုစူးစိုက်ပါသည်။
- အချို့ဆရာ/မများ သင်ခန်းစာ ပြင်ဆင်ရာတွင် ကလေးတစ်ဦးချင်း၏ အချက်အလက်များကို သုံးပါသည်။
- မိဘ ၃၀%က သူတို့ကလေး ဘာလေ့လာနေသည်ကို သိရှိသည်။
- ဆရာ/မအားလုံး စာသင်စဥ် အချင်းချင်း စောင့်ကြည့်လေ့လာရန် စီစဥ်ထားပါသည်။
- ပညာရေးကျောင်းအပေါ် ကျောင်းသူ/သားများ တုံ့ပြန်ဖြေကြားချက်ကို သင်ယူမှုတိုးတက်ကောင်းမွန်ရေးအတွက် သုံးသည်။

အားလုံးအကျုံးဝင်သည်

အားလုံးအကျုံးမဝင်ပါ

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၁.၆ အဖြေ- အားလုံးအကျုံးဝင်ပညာရေးကျောင်းဟူသည်အဘယ်နည်း

ကျောင်းတစ်ကျောင်း/ကောလိပ်တစ်ခု အားလုံးအကျုံးဝင်စေရန် ကျောင်းသူ/သားနှင့်မိဘ**အားလုံး**၏ လိုအပ်ချက်**အားလုံး**ကို ထည့်သွင်းစဉ်းစားရန်လိုပါသည်။ အောက်ပါဥပမာတစ်ခုချင်းကြည့်ပြီး အဘယ်ကြောင့်ပေးထားသည့်အတိုင်းခွဲခြား ထားကြောင်း စဉ်းစားပါ။ **အားလုံးအကျုံးဝင်ကျောင်းအဖြစ် မည်ကဲ့သို့ သိမှတ်နိုင်ပါသနည်း**။ မိတ်ဆွေတစ်ယောက် (သို့) အုပ်စုငယ်တစ်ခုဖြင့် မိမိအတွေးကို (think, pair, share) ဆွေးနွေးပြီး သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါ။

ကျောင်းသူ/သား မိဘများအားလုံးသည် မိမိတို့အား လက်ခံသည်ဟု ခံစားရပါသည်။

ကလေးတို့၏ လက်ရာအချို့ကို ကျောင်းတစ်ခွင် ပြသထားသည်။

စာသင်ခန်းတိုင်း ကလေးတို့၏အောင်မြင်မှုများကို ဂုဏ်ပြုထားသည်။

အတန်းတိုင်း ၁၅၀ မမ လှေခါးထစ်ရှိသည်။ အဆင်းအတက်ကုန်းလျှောမရှိပါ။

ယဉ်ကျေးမှုပေါင်းစုံပွဲတော်များကျင်းပပေးပါသည်။

ဆရာ/မအများစု မိဘများနှင့် တွေ့ဆုံစကားပြောပါသည်။

အရင်းအမြစ်အလွန်ရှားပါးသော်လည်း ကောင်းကောင်းသုံးပါသည်။

အားလုံးအကျုံးဝင်သည်

ရာထူးကြီးဝန်ထမ်းများ ဘယ်တော့မှ အတန်းဆင်းမကြည့်ပါ၊

အကျုံးမဝင်ပါ

CPD ပွဲ/သင်တန်းတစ်ခုမှာ သင်ရိုးသစ်ကိုစူးစိုက်ပါသည်။

အချို့ဆရာ/မများ သင်ခန်းစာ ပြင်ဆင်ရာတွင် ကလေးတစ်ဦးချင်း၏ အချက်အလက်ကို သုံးပါသည်။

မိဘ ၃၀%က သူတို့ကလေး ဘာလေ့လာနေသည်ကို သိရှိသည်။

ဆရာ/မအားလုံး စာသင်စဉ် အချင်းချင်း စောင့်ကြည့်လေ့လာရန် စီစဉ်ထားပါသည်။

ပညာရေးကျောင်းအပေါ် ကျောင်းသူ/သားများ တုံ့ပြန်ဖြေကြားချက်ကို သင်ယူမှုတိုးတက်ကောင်းမွန်ရေးအတွက်သုံးသည်။

## ၄. အားလုံးအကျုံးဝင်ကျောင်း/ပညာရေးကောလိပ်ဟူသည်အဘယ်နည်း ပြန်လှန်သုံးသပ်ချက်

ယူနက်စကိုနှင့် နိုင်ငံတကာပညာရေးအဖွဲ့မှ 'သင်ယူသူအားလုံးအတွက်ကမ်းသည့်လက်' တွင် အားလုံးအကျုံးဝင်ကျောင်း၏ အင်္ဂါ ၈ ရပ်ကို ပေးထားပါသည်။

၁.၅ တွင်ရခဲ့သည့်အဖြေကိုစစ်ဆေးပြီး အောက်ပါအားလုံးအကျုံးဝင်သည့်ကျောင်း၏ အင်္ဂါ ၈ ရပ်နှင့် မည်သို့ဆက်စပ်ကြောင်း စဉ်းစားပါ။

ကျောင်းနှင့်ဆရာ/မများအနေဖြင့် မိမိတို့ကျောင်းမှ အားလုံးအကျုံးဝင်မှုအရေး တွေးတောနိုင်ရန် အင်္ဂါရပ်တစ်ခုစီအတွက် သုံးနိုင်သော မေးခွန်းတစ်စုံစီပါရှိပါသည်။ အောက်ပါအကွက်တွင်ရှိပါသည်။

## အားလုံးအကျုံးဝင်သည့်ကျောင်း/ပညာရေးကျောင်း၏ အင်္ဂါ ၈ ရပ်

၁. လူတိုင်းသည် မိမိတို့အားလက်ခံသည်ဟု ခံစားရပါသည်။

- ကျောင်းရောက်သည့်အခါ ကျောင်းသူ/သား၊ မိဘနှင့်ဧည့်သည်များသည် မိမိတို့အား လက်ခံကြိုဆိုသည်ဟု ခံစားရပါသလား
- ကျောင်းအကြောင်းရနိုင်သည့်အချက်အလက်များ သိရှိကြပါသလား

၂. ကျောင်းသူ/သားအားလုံးကို ညီတူညီမျှတန်ဖိုးထားကြသည်။

- ကျောင်းသူ/သားအားလုံး၏လက်ရာများကို ကျောင်းတစ်ခွင်နှင့်စာသင်ခန်းများတွင်ပြသထားပါသလား
- ကျောင်းသူ/သားများကို ကျောင်းလှုပ်ရှားမှုအားလုံးမှာ ပါဝင်ရန်အားပေးပါသလား

၃. ကျောင်းသူ/သားအားလုံးအတွက် မျှော်လင့်ချက်မြင့်မြင့်မားမားထားပါသည်။

- ကျောင်းသူ/သားအားလုံးက အောင်မြင်မည်ဟုမျှော်လင့်ကြပါသလား
- ကျောင်းသူ/သားတို့၏အောင်မြင်မှုကို ဂုဏ်ပြုကြပါသလား

၄. ဝန်ထမ်းနှင့် ကျောင်းသူ/သားများလေးလေးစားစားဆက်ဆံကြသည်။

- ဝန်ထမ်းနှင့်ကျောင်းသူ/သားများအကြား ရင်းနှီးဖော်ရွေသည့်ဆက်ဆံရေးရှိပါသလား
- ယဉ်ကျေးမှုအစဉ်အလာအမျိုးမျိုး၊ ဘာသာရေးယုံကြည်မှုအဖုံဖုံကို လေးစားမှုပြသကြပါသလား

၅. ဝန်ထမ်းများနှင့်မိသားစုများသည် မိတ်ဖက်များဖြစ်ကြသည်။

- အိမ်နှင့် ကျောင်းအကြား ထိရောက်သော ဆက်သွယ်မှုရှိပါသလား
- မိမိတို့ကလေး၏ သင်ယူမှုကို ပံ့ပိုးရာတွင် မိမိတို့ပါဝင်ပတ်သက်နေသည်ဟု မိဘများထင်မြင်ပါသလား

၆. ကျောင်းသူ/သားအားလုံးကျောင်းတက်နိုင်ကြသည်။

- ပါဝင်မှုနှင့်သင်ယူမှုတွင် ရှိနိုင်သည့် အတားအဆီးများကျော်လွှားနိုင်အောင်အားထုတ်ပါသလား
- မသန်စွမ်းသည့်ကလေးနှင့်လူကြီးများ အဆောက်အအုံနေရာတိုင်းရောက်အောင်သွားနိုင်ပါသလား

- ပြောစကားမတူသည့် ကျောင်းသူ/သားများ ပါဝင်နိုင်အောင် ကူညီပေးပါသလား

၇. ကျောင်းသူ/သားအားလုံးပါဝင်သင်ယူနိုင်စေရန် အကြီးတန်းဝန်ထမ်းများက ဆရာ/မတို့ကိုပံ့ပိုးပေးသည်။

- သင်ကြားရေးတိုးတက်ရေးရန် ရည်သန်သည့် ဝန်ထမ်းဖွံ့ဖြိုးရေး လုပ်ဆောင်ချက် မှန်မှန်ရှိပါသလား
- အကြီးတန်းဝန်ထမ်းများမှ စာသင်စဉ် ကြည့်ရှုလေ့လာပြီး တိုးတက်မှုအတွက်အကြံပြုကြပါသလား
- ဆရာ/မအချင်းချင်း စာသင်စဉ် ကြည့်ရှုလေ့လာရန် အခွင့်အလမ်းရှိပါသလား

၈. ကျောင်းသူ/သားအားလုံး၏ တက်ရောက်မှု၊ ပါဝင်လုပ်ဆောင်မှုနှင့် အောင်မြင်မှုကို ကျောင်းမှစောင့်ကြည့်လေ့လာသည်။

- ကျောင်းနှင့်သင်ခန်းစာအတွက် ကျောင်းခေါ်ချိန်စစ်ဆေးသည့် စနစ်ရှိပါသလား
- ကျောင်းတက်ရောက်ရသည့်အတွက် ကျောင်းသူ/သားများ မည်သို့ခံစားရကြောင်းမှတ်ချက်ပေးခွင့် ရပါသလား
- ကျောင်းသူ/သားတိုင်း၏တိုးတက်မှုနှင့်အောင်မြင်မှုကို လိုက်လံမှတ်သားပါသလား

IBE, ၂၀၁၈. နိုင်ငံတကာပညာရေးအဖွဲ့'
သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရေးသင်တန်းနည်းလမ်းများ
'သင်ကြားသူအားလုံးအတွက်ကမ်းသည့်လက်':
အားလုံးအကျုံးဝင်ပညာရေးပံ့ပိုးမှုအရင်းအမြစ် (စာ ၄၇)
http://www.ibe.unesco.org/sites/default/files/resources/ibe-crp-inclusiveeducation-2016_eng.pdf [last accessed 09-03-2021]

## လုပ်ဆောင်ချက် ၁.၇ သင့်ပညာရေးကျောင်းက မည်မျှအကျုံးဝင်ပါသနည်း (၁၀ မိနစ်)

လုပ်ဆောင်ချက် ၁.၅ **‘သင့်ပညာရေးကျောင်းကမည်မျှအကျုံးဝင်ပါသနည်း’**ကို အသုံးပြုလျက် မိမိအတွေးနှင့် အနီးစပ်ဆုံး ကိန်းဂဏန်းတစ်ခုကို ဖော်ထုတ်ပါ။

| အကျုံးမဝင်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်အကျုံးဝင်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

**အလွန်အကျုံးဝင်မှုဆီ ရွေ့လျားသွား**နိုင်အောင် တိုးတက်ရန်အရေးအကြီးဆုံးအရာမှာ အဘယ်နည်း။
သင်ယူမှုဂျာနယ်တွင်ရေးပါ။

## ၅. အားလုံးအကျုံးဝင်စာသင်ခန်းဟူသည်အဘယ်နည်း

အားလုံးအကျုံးဝင်စာသင်ကျောင်းကဲ့သို့ပင် အားလုံးအကျုံးဝင်စာသင်ခန်းတစ်ခုက အခြားစာသင်ခန်းတစ်ခုနှင့် **အသွင်အပြင်၊ အတွေ့အထိနှင့် အသံများ** အလွန်ခြားနားနိုင်ပါသည်။ ကလေးများစွာ (သို့) အနည်းငယ်မျှသာ ရှိနိုင်ပါသည်။ အရင်းအမြစ်အမြောက်အမြားရှိနိုင်သကဲ့သို့ ဆရာ/မနှင့် ကလေးတို့လုပ်ထားသည့် အရင်းအမြစ်များသာ ရှိနိုင်ပါသည်။ စာသင်ခန်းတွင်း အဖြစ်အပျက်များသာလျှင် အားလုံးအကျုံးဝင်စေနိုင်ပါသည်။ အားလုံးအကျုံးဝင်ပြီး ကလေးများနှင့် အကျွမ်းတဝင်ရှိသည့် ဝန်းကျင်တစ်ရပ်ကို စာသင်ခန်းတွင်းရှိသူတိုင်း ကူညီဖန်တီးပေးနိုင်ပါမည်။



Source: https://pixabay.com//illustrations/burma-myanmar-classroom-boy-girl-5204371/

A

## လုပ်ဆောင်ချက် ၁.၈ အားလုံးအကျုံးဝင်စာသင်ခန်းဟူသည် အဘယ်နည်း (၄၅ မိနစ်)

ဦးစွာ မိမိတို့ပညာရေးကောလိပ်တွင် အသုံးအများဆုံး (အထက်စီးမှမြင်ရသည့်) စာသင်ခန်းစနစ်ပုံကြမ်းကို A4စက္ကူပေါ်ဆွဲပြီး နောင်သုံးရန်သိမ်းထားပါ။ အခြေခံအင်္ဂါရပ်များဖြစ်သည့် တံခါး၊ ပြတင်းပေါက်၊ သင်ပုန်း (အသေတပ်ဆင်ထားသည့်အရာများ) ထည့်သွင်းရေးဆွဲပါ။ အောက်တွင် နမူနာပေးထားပါသည်။




## လုပ်ဆောင်ချက် ၁.၉ မိမိတို့လက်ရှိစာသင်ခန်းများ မည်မျှအကျုံးဝင်ကြပါသနည်း

နောက်လုပ်ဆောင်ချက်တွင် **မျက်စိမှိတ်ထားပြီး သင်အကြိုက်ဆုံး** အတန်းတစ်တန်းတက်နေသည်ဟု **စိတ်ကူးယဉ်ပါ။**



၁. စာသင်ခန်း**<u>အသွင်အပြင်</u>**ကိုစိတ်ကူးပါ။ စိတ်ထဲတွင် ပြတင်းပေါက်၊ အဝင်ပေါက်၊ စားပွဲ၊ စာအုပ်၊ သင်ပုန်းနှင့် ကျောင်းသူ/သားအားလုံးကို ဖြည်းဖြည်းချင်းကြည့်ပါ။

၂. ကျောင်းသူ/သားများအပေါ် စိတ်ကူးပြီးအာရုံစိုက်ပါ။ ဘယ်နှစ်ယောက်ရှိပါသနည်း။ ဘာလုပ်နေကြပါသနည်း။ သူတို့ဘယ်လိုအသံထွက်နေပါသနည်း။ အခြားဘာအသံများကြားရပါသေးသနည်း။



၃. ယခုအခါ သင်နှင့်သင့်ကျောင်းသူ/သားများ အတန်းတွင်း **ခံစားရပုံကို** စိတ်ကူးယဉ်ပါ။ ပျော်ရွှင်/ပျင်းရိ/စိတ်လှုပ်ရှား/စိတ်ဝင်စား/လျစ်လျူရှု နေပါသလား။ ကြိုးစားဖို့ အားမပေးဘဲ ထားပါသလား။

သင်ယူမှုဂျာနယ်တွင် စက်ဝိုင်းသုံးခုဆွဲပါ (အောက်တွင်ကြည့်)။ စိတ်ကူးပုံဖော်ဖို့ အထောက်အကူပြုပါမည်။ ခေါင်းစဉ် တစ်ခုချင်းအောက် မှတ်စုရေးပါ။

Funded by: UKaid

Towards Results in Education & English




Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid
ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်



# ၅.

# အားလုံးအကျုံးဝင်စာသင်ခန်းဟူသည်အဘယ်နည်း

## ပြန်လှန်သုံးသပ်ချက်

ယူနက်စကိုနှင့် နိုင်ငံတကာပညာရေးအဖွဲ့မှ သင်ကြားသူအားလုံးအတွက်ကမ်းသည့်လက်’စာတမ်းတွင် အားလုံးအကျုံးဝင်စာသင်ခန်း၏ အင်္ဂါရပ်များကို ထုတ်ဖော်ပြခဲ့သည်။ သင့်စာရင်းတွင် ဤအင်္ဂါရပ်များ ပါရှိပါသလား။

အင်္ဂါရပ်တစ်ခုစီတွင် ဆရာ/မတို့စာသင်ခန်းအတွင်း အားလုံးအကျုံးဝင်မှုအကြောင်းတွေးရာတွင် သုံးနိုင်သည့် မေးခွန်းတစ်စုံစီ ပါရှိပါသည်။ သင်အကြိုက်ဆုံးစာသင်ခန်းတစ်ခုအကြောင်းတွေးလျက် အားလုံးအကျုံးဝင်စာသင်ခန်း၏ အင်္ဂါရပ် ၈ ခုအကြောင်း ဖတ်ပါ။ ဖတ်ရင်း စိတ်ဝင်စားဖွယ်စကားလုံးများ၊ မှတ်ချက်များကို မှတ်သားပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## ၈. အားလုံးအကျုံးဝင်ကျောင်း/ပညာရေးကျောင်း၏ အင်္ဂါရပ် ၈ ခု

၁. ကလေးအားလုံးထည့်တွေးပြီးသင်ကြားရေးကိုပြင်ဆင်သည်

- သင်ခန်းစာလုပ်ဆောင်ချက်များတွင်ကလေးတို့၏စိတ်ဝင်စားမှုနှင့် အတွေ့အကြုံကို ထည့်တွေးပါသလား
- သင်ကြားနည်းအမျိုးမျိုးသုံးပါသလား
- သင်ခန်းစာလုပ်ဆောင်ချက်၏ ရည်ရွယ်ချက်ကို ကလေးတို့နားလည်ပါသလား

၂. သင်ခန်းစာတွင် ကလေးအားလုံးပါလာအောင် အားပေးသည်

- ကလေးအားလုံးကို အမည်တပ်ခေါ်ပါသလား
- ကလေးတို့စိတ်ဝင်စားစေမည့် သင်ကြားရေးပစ္စည်းများရှိပါသလား
- သင်ခန်းစာအတွင်း စကားပြောနိုင်သည်ဟု ကလေးတို့ခံစားရပါသလား

၃. ကလေးတို့ကိုယ်တိုင် မိမိတို့၏သင်ယူမှုတွင် တက်တက်ကြွကြွပါဝင်သည်

- ကလေးတို့အား မိမိတို့၏သင်ယူမှုတွင်တာဝန်ယူရန် အားပေးပါသလား
- စာသင်ခန်းဝန်းကျင်က လွတ်လပ်သောသင်ယူမှုကို အားပေးပါသလား

၄. ကလေးအချင်းချင်း ၎င်းတို့သင်ယူမှုတွင် ပံ့ပိုးကြရန်အားပေးသည်

- ခုံစီထားပုံမှ ကလေးတို့ခွန်းတုံ့ခွန်းပြန်ဆက်ဆံရန် အားပေးပါသလား
- ရံဖန်ရံခါ ကလေးတို့ အတွဲလိုက်၊ အုပ်စုဖွဲ့လျက် လုပ်ကြရန် သင်ကမျှော်လင့်ပါသလား
- သင်ခန်းစာရည်မှန်းချက်ကို ပေါက်မြောက်အောင် ကလေးအချင်းချင်းကူညီကြပါသလား

၅. ကလေးတို့အခက်ကြုံသည့်အခါ ပံ့ပိုးပေးသည်

- အခက်ကြုံသည့် ကလေးများကို ဆရာ/မမှစောင့်ကြည့်ပြီး ရှာဖွေပါသလား
- အကူအညီတောင်းနိုင်သည်ဟု ကလေးတို့ ခံစားရပါသလား

၆. အတန်းတွင်း စည်းကမ်းကို အပြန်အလှန်လေးစားမှုအပေါ် တည်ဆောက်ထားသည်

- အလှည့်ကျစကားပြော၊ နားထောင်ရန် ချမှတ်ထားသည့် စည်းကမ်းများ ရှိပါသလား
- စာသင်ခန်းစည်းကမ်းများ တရားမျှတသည်ဟု ကလေးတို့ခံစားရပါသလား
- အနိုင်ကျင့်မှုကို တားမြစ်ပါသလား

၇. ကလေးတို့ စိတ်ပူပန်သည့်အခါ၊ စိတ်ဆိုးသည့်အခါ သူတို့စကားပြောနိုင်သူရှိသည်ဟုခံစားရသည်

- ကလေးတို့၏ ပူပင်မှုကိုနားထောင်ပါသလား
- ကလေးတို့နှင့် သီးသန့်စကားပြောရန် ဆရာ/မတို့အချိန်ပေးပါသလား

၈. စစ်ဆေးအကဲဖြတ်မှုက ကလေးအားလုံး၏ အောင်မြင်မှုကို ထောက်ကူပေးသည်

- သင်ယူမှုကို အားပေးရန် ဆရာ/မတို့ စစ်ဆေးအကဲဖြတ်မှုကို သုံးပါသလား
- ကလေးတို့လုပ်ထားသည့်အပေါ် အပြုသဘောဆောင် တုံ့ပြန်ပါသလား
- အစမ်းစာမေးပွဲနှင့်စာမေးပွဲကြီးအတွက် ကလေးတို့စာပြန်နွှေးရန် ကူညီပါသလား
- တစ်ခုတည်းစုစည်းထားသည့် စာမေးပွဲစနစ်အတွင်း၌ပင် ဆရာ/မတို့မှမတူကွဲပြားမှုကို လေးစားကြပါသလား။

### လုပ်ဆောင်ချက် ၁.၁၀ မိမိစာသင်ခန်းကို တိုးတက်ကောင်းမွန်စေခြင်း (၄၅ မိနစ်)

သင်အကြိုက်ဆုံးစာသင်ခန်းပုံကြမ်းကိုပြန်ကြည့်ပါ။ **‘ကြည့်ရတာ၊ ကြားရတာ၊ ခံစားရတာ’**အတွက်မှတ်စုကိုသုံးပြီး စာသင်ခန်းအားမည်ကဲ့သို့ **တိုးတက်ကောင်းမွန်အောင်** လုပ်မည်ဖြစ်ကြောင်း၊ **<u>အားလုံးအကျုံးဝင်မှု တိုးတက်ကောင်းမွန်အောင်</u>** မည်သည့်လုပ်ဆောင်ချက်များလုပ်မည်ဖြစ်ကြောင်း ပုံကြမ်းအပေါ်မှတ်စုရေးပါ။




## ၆. အားလုံးအကျုံးဝင်သည့်ဆရာ/မဟူသည်အဘယ်နည်း

အားလုံးအကျုံးဝင်သော ကျောင်းနှင့်စာသင်ခန်းတို့၏ အင်္ဂါရပ်အကြောင်း - **အမြင်၊ အတွေ့အထိ၊ အသံ**နှင့် အားလုံးအကျုံးဝင်စေမည့် ဖြစ်စဉ်များကို စဉ်းစားခဲ့ပြီ။

အားလုံးအကျုံးဝင်စာသင်ကျောင်းနှင့်စာသင်ခန်းတွင် အရေးအကြီးဆုံးမှာ ဆရာ/မမှ လုပ်သည့်အရာဖြစ်သည်။ ကလေးတစ်ဦးချင်း တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှုကို တန်ဖိုးထားကြောင်းပြသရန် မည်သို့လုပ်ဆောင်နေပါသနည်း။ ကလေးတို့၏ **ကွဲပြားမှု**နှင့် ကြုံရသည့် **အခက်အခဲအပေါ်မည်သို့သဘောထား**ပါသနည်း။

Funded by:

## လုပ်ဆောင်ချက် ၁.၁၁ အားလုံးအကျုံးဝင်ဆရာ/မဟူသည်                    အဘယ်နည်း (၃၀ မိနစ်)

တွေးတောပါ - အားလုံးအကျုံးဝင်ဆရာ/မတစ်ဦးမည်ကဲ့သို့ဖြစ်နိုင်ပါသနည်း။ အားလုံးအကျုံးဝင်စာသင်ကျောင်း အင်္ဂါရပ်များကို ပြန်ကြည့်ပြီး အားလုံး**အကျုံးဝင် ဆရာ/မ**အတွက် စံသတ်မှတ်ချက်များကို (သင်ယူမှုဂျာနယ်တွင်) သင့်ကိုယ်ပိုင်အတွေးဖြင့် စိတ်ကူးပြမြေပုံတစ်ခုဆွဲပါ။ ဥပမာတစ်ခုပေးထားပါသည်။

**၁. သူတို့ဘာကိုယုံကြည်ပါသနည်း**

အကောင်းမြင်သဘောထား
လူတိုင်းကိုလေးစားခြင်း
အားလုံးအခွင့်အရေးနှင့်
ထိုက်တန်ခြင်း
အားလုံးအတွက်အတားအဆီး

**၂. ကလေးအားလုံးအတွက် ဘာကိုမျှော်လင့်ထားပါသနည်း**

**၃. ကလေးတို့၏အမှားကိုဘယ်လိုတုံ့ပြန်ပါသနည်း**




Mya... Teachers Vector | Free Download Myanmar Graphic

**၄. ကလေးတိုင်း၏ တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှုကို ဘယ်လို တန်ဖိုးထားပါသနည်း**

**၆. ကလေးများနှင့်ဘယ်လို ပြုမူပါသနည်း**

**၅. သင်ယူမှုအတွက် အခက်အခဲ၊ အတားအဆီးများကို ဘယ်လိုတုံ့ပြန်ပါသနည်း**

Implemented by:

Funded by: UKaid



## ၆. အားလုံးအကျုံးဝင်ဆရာ/မဟူသည်အဘယ်နည်း

ပြန်လှန်သုံးသပ်ချက်

ယူနက်စကိုနှင့် နိုင်ငံတကာပညာရေးအဖွဲ့၏ အားလုံးအကျုံးဝင်စာသင်ကျောင်းနှင့်စာသင်ခန်း အင်္ဂါရပ်များကို ကိုးကား မှီငြမ်းလျက် မိမိတို့ သင်ကြားပုံကို စေ့စေ့စပ်စပ်တွေးရန် လိုအပ်ပါသည်။

**အရေးအကြီးဆုံးမှာ** မိမိတို့ကလေး သင်ယူမှုတွင် တွေ့ကြုံနေရသည့် **ကွဲပြားမှုနှင့် အခက်အခဲများအပေါ်ထားရှိသည့် သဘောထားများကို စဉ်းစားရန်** လိုအပ်ပါသည်။ ကလေးတို့၏ ဘဝတွင် အမှတ်သညာ၊ လူမှုရေး၊ စိတ်ခံစားမှု၊ ရုပ်ပိုင်း၊ ဆေးဘက်ဆိုင်ရာနှင့် ပတ်ဝန်းကျင်(မိသားစုနှင့်ရပ်ရွာလူထု)ဆိုင်ရာ ကွဲပြားမှုနှင့် အခက်အခဲများအားလုံးမှ သင်ယူမှုအတွက် အတားအဆီး ဖြစ်လာနိုင်ပါသည်။ သို့ရာတွင် မိမိတို့၏ သဘောထားကြောင့် သာလျှင် ဖြစ်နိုင်ပါမည်။

### မိမိတို့သဘောထားကအကြီးမားဆုံးအတားအဆီးဖြစ်နိုင်သည်



Source: Mawlamyine EDC, Myanmar (2020) sketch produced about equity by one group of TEs

**<u>သာတူညီမျှမှု</u>**အရ **လူတစ်ဦးချင်း** အကြောင်းတရားများ ကွဲပြားကြောင်း အသိအမှတ်ပြုပြီး **မျှတသည့် ရလဒ်**တစ်ခုရရှိရန် **အရင်းအမြစ်များ တိတိကျကျ** ချမှတ်ပေးပါသည်။

**<u>ညီတူညီမျှမှု</u>**အရ **လူတစ်ဦးချင်း(သို့) တစ်ဖွဲ့ချင်း တူညီသည့်အရင်းအမြစ်** (သို့) အခွင့်အလမ်းကိုပေးခြင်းဖြစ်ပါသည်။

(Source: https://onlinepublichealth.gwu.edu/resources/equity-vs-equality)

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## ၁.၁၂ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း - သင်ကအားလုံးအကျုံးဝင်သည့်ဆရာ/မလား (၂၀ မိနစ်)

ဤတိုက်ဆိုင်စစ်ဆေးစာရင်းဖြင့် မိမိက အားလုံးအကျုံးဝင်သည့် ဆရာ/မဟုတ်မဟုတ် စဉ်းစားပါ။ **အဆိုတစ်ခုချင်းကို ဂရုတစိုက်ရိုးသားစွာ အမှတ်ပေးပါ**။ ရလဒ်ကို မိမိ၏ CPD အစီအစဉ်အတွက် **အချက်အလက်ရယူရန်နှင့် ဖော်ဆောင်**ရန်သုံးနိုင်ပါသည်။

သင်ယူမှုဂျာနယ်တွင်ရေးပါ။

ကျွန်တော်/ကျွန်မသည် အားလုံးအကျုံးဝင်သင်ကြားနည်းသုံးသည့် အားလုံးအကျုံးဝင် ဆရာ/မဖြစ်ကာ အတန်းတွင်း ကလေးတိုင်းကို ထိထိရောက်ရောက် သင်ကြားရန် ရည်ရွယ်ပါသည်။

*၁. သာတူညီမျှမှုနှင့် လူ့အခွင့်အရေးကို ယုံကြည်ပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၂. ကွဲပြားမှုသည် သဘာဝကျကြောင်း၊ တစ်ထံမှတစ်ဦးလေ့လာရန်အခွင့်အရေးဖြစ်ကြောင်း ရှုမြင်ပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၃. ကျောင်းသူ/သားအားလုံး အကောင်းဆုံးလေ့လာနိုင်ရန် ရည်သန်လျက်မျှော်လင့်ချက် မြင့်မြင့်မားမားထားရှိပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၄. မိမိကျောင်းသူ/သားများ၏ ပညာရေး၊ လူမှုရေးနှင့် စိတ်ခံစားချက်ဆိုင်ရာ သင်ယူမှုကို ပံ့ပိုးပေးပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၅. စိတ်ချလက်ချမှားနိုင်သည့် အကောင်းမြင်၊ စိတ်အားတက်စေသည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို ဖန်တီးထားပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၆. ကလေးအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားရေးကိုစီစဉ်ပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၇. ကျောင်းသူ/သားအားလုံး ပါဝင်လာပြီး တက်တက်ကြွကြွ သင်ယူမည့် လုပ်ဆောင်ချက်များ အသုံးပြုပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၈. သင်ယူမှုတွင် အချင်းချင်းပံ့ပိုးပေးနိုင်ရန် ကျောင်းသူ/သား၊ မိသားစု၊ ရပ်ရွာလူထု၊ အခြားပညာရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၉. ကျောင်းသူ/သားတို့ သာစေမာစေရေး အလေးဂရုပြုလျက် ထိန်းသိမ်းပြုမူ ဆောင်ရွက်တတ်အောင် ကူညီပေးပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

၁၀. ပြဿနာဖြေရှင်းခြင်း၊အခက်အခဲကျော်လွှားခြင်း၊ သင်ယူမှုအတားအဆီးများ ဖယ်ရှားခြင်းအတွက် နည်းလမ်းများကို ထက်ထက်သန်သန် ရှာဖွေပါသည်။

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၁၁. အမြဲတမ်းသင်ယူရင်း၊ သုံးသပ်ရင်း အားလုံးသင်ယူမှုကို ပိုမိုထိရောက်စွာပံ့ပိုးနည်းကို ရှာဖွေလျှက်ရှိသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၁၂. အလုပ်သဘော(အဆုံးသတ်)စစ်ဆေးသည့်အခါ ကလေးတို့အားလုံးအောင်မြင်စေရန် အလွတ်သဘော(သင်ယူစဉ်) စစ်ဆေးပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၁၃. ကလေးတို့ကိုနားထောင်ပြီး အကူအညီပေးပါသည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

*၁၄. အတွေးအခေါ်စွမ်းရည်၊ သင်ယူမှုနှင့် အပြုအမူအရာတွင် မိမိက စံပြဖြစ်သည်။*

ဘယ်တော့မှမဟုတ်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အမြဲတမ်းဖြစ်ပါသည်

## လုပ်ဆောင်ချက် ၁.၁၃ - သင်မည်မျှအကျုံးဝင်ပါသနည်း (၁၀ မိနစ်)

သင်မည်မျှအကျုံးဝင်ပါသနည်း။ တွေးတော၊ လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်တွဲဖက်ပြီး ဝေမျှပါ။ သင်ယူမှုဂျာနယ်တွင် အဖြေတစ်ခု တိုတိုရေးပါ။

## ၇. နိဂုံး

ဤသင်ရိုးပိုင်းတွင်အောက်ပါတို့ကိုလုပ်ဆောင်ခဲ့ပြီ

က. အားလုံးအကျုံးဝင်မှုအခြေခံပမူများကို ရှင်းပြခြင်း
ခ. အားလုံးအကျုံးဝင်မှုအရေးကြီးရခြင်းအကြောင်းဆွေးနွေးခြင်း
ဂ. အားလုံးအကျုံးဝင်စာသင်ကျောင်းဖြစ်ပုံကိုရှင်းပြခြင်း
ဃ. အားလုံးအကျုံးဝင်စာသင်ခန်းဖြစ်ပုံကိုရှင်းပြခြင်း
င. အားလုံးအကျုံးဝင်ဆရာ/မဖြစ်ပုံကိုရှင်းပြခြင်း

## သင်ရိုးပိုင်းပါ အဓိကအချက်များ

သင်ရိုးညွှန်းတမ်းသစ်အဓိကအကြောင်းအရာ သုံးချက်တွင် အားလုံးအကျုံးဝင်မှုလည်း တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း အရေးပါသည်။

အားလုံးအကျုံးဝင်မှုသည် ကလေးတိုင်း သင်ယူပြီး ၎င်းတို့အကောင်းဆုံး ဖွံ့ဖြိုးစေနိုင်သည့် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။

အားလုံးအကျုံးဝင်မှုအရေးကြီးရခြင်းမှာ

- အခွင့်အလမ်းသာတူညီမျှဖြစ်စေမည့် ပညာရေးက လူ့အခွင့်အရေး ဖြစ်သောကြောင့်
- လူမှုရေးအရဖယ်ကြဉ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ကို ပယ်ရှားသောကြောင့်
- မတူကွဲပြားမှုကို ဂုဏ်ယူခြင်း၊ လေ့လာခြင်းဖြင့် လူ့အမျိုးမျိုးပါဝင်သည့် လူ့အဖွဲ့အစည်းထံမှ မိမိတို့ အကျိုးဖြစ်ထွန်းနိုင်သောကြောင့်
- ကျွမ်းကျင်မှုနှင့် အသိပညာပိုမိုရှိသည့် လူငယ်လူရွယ်ပိုများလေလေ နိုင်ငံလည်းတိုးတက်လာလေလေဖြစ်သောကြောင့်
- ကလေးအားလုံး ရပ်ရွာလူထုကို အကျိုးပြုရန် အခွင့်အလမ်းရရှိကြသောကြောင့် ဖြစ်ပါသည်။

ကျောင်းသူ/သားတိုင်း၏ တက်ရောက်မှု၊ ပါဝင်မှု၊ အောင်မြင်မှုကို မိမိတို့ တန်းဖိုးထားသည့်အခါ အားလုံးအကျုံးဝင်မှု ရှိလာပါမည်။

အားလုံးအကျုံးဝင်မှုအတွက် အတားဆီး၊ အခက်ခဲအမျိုးမျိုးရှိရာတွင် ကလေးတို့အကြောင်း၊ ၎င်းတို့အခက်အခဲအကြောင်းဆိုင်ရာ မိမိတို့ တွေးတောယုံကြည်ချက်နှင့် ကျောင်းနှင့် စာသင်ခန်းအတွင်း မိမိတို့ဖန်တီးသည့် သင်ယူမှုဝန်းကျင်တို့မှာ အကြီးမားဆုံး အတားအဆီးများဖြစ်ကြသည်။ မိမိတို့စာသင်ကျောင်းနှင့် စာသင်ခန်းများ အားလုံးအကျုံးဝင်ပြီး ကလေးတို့နှင့်ရင်းနှီးသည့် ဝန်းကျင်ဖြစ်စေကာ အားလုံးအကျုံးဝင် အလေ့အကျင့်ဖြင့် သင်ကြားလျှင် မိမိတို့ တပည့်များအတွက် အကျိုးဝင်မှု ရှိလာပါမည်။

## ၈. သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ မေးခွန်းကို ရာနှုန်းပြည့် အောင်မြင်ရန် ကြိုက်သလောက် အကြိမ်ရေများများ ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက်အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - အားလုံးအကျုံးဝင်မှုဆိုသည်မှာ ---

က. မသန်မစွမ်းကလေးများကို သင်ကြားမှုအကြောင်း တွေးခြင်းသာဖြစ်သည်

ခ. မည်မျှခြားနားသည်ဖြစ်စေ ကလေးအားလုံး အတူတကွ လေ့လာကြီးပြင်းစေနိုင်မည့် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်

မေးခွန်း ၂ - အားလုံးအကျုံးဝင်မှုမှာ ကလေးတိုင်း၏ --------------- ကိုတန်ဖိုးထားသည့်အခါ ရရှိနိုင်သည်

က. တက်ရောက်မှု၊ လုပ်ဆောင်မှုနှင့် စွမ်းဆောင်မှု

ခ. တိုးတက်မှု၊ ပါဝင်မှုနှင့် စွမ်းဆောင်မှု

ဂ. တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှု

ဃ. ပုဂ္ဂိုလ်ရေး၊ တိုးတက်မှုနှင့် အောင်မြင်မှု

မေးခွန်း ၃ - အားလုံးအကျုံးဝင်မှုအတွက် အကြီးမားဆုံးအတားအဆီးမှာ -------- ဖြစ်ပါသည် (နှစ်ခုရွေးပါ)

က. ကလေးတို့၏အခက်အခဲမှ သင်ယူမှုကို ရပ်တန့်စေသည်ဟုထင်မြင်လျှင်

ခ. မျက်မမြင်ခြင်းကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ မတူခြားနားလျှင်

ဂ. ကလေးတစ်ယောက်က နွမ်းပါးသည့် မိသားစုမှ လာပြီး အလုပ်လုပ်ရလျှင်

ဃ. ကလေးတစ်ယောက် မပါဝင်နိုင်အောင် သင်ယူမှုဝန်းကျင်ကို ခက်ခဲအောင်လုပ်ထားလျှင်

မေးခွန်း ၄- အောက်ပါတို့တွင် မည်သည်က အားလုံးအကျုံးဝင်သည့် ကျောင်း၏အင်္ဂါများ ဖြစ်ပါသနည်း (နှစ်ခုရွေးပါ)

က. မသန်မစွမ်းများအတွက်အထူးပြုဆရာ/မ

ခ. လူတိုင်းသည် မိမိတို့အားလက်ခံသည်ဟု ခံစားရသည်

ဂ. ကလေးများကို ညီတူညီမျှ တန်ဖိုးထားသည်

ဃ. သင်ကြားရေးအတွက် ကွန်ပျူတာ ရနိုင်သည်

မေးခွန်း ၅ - အောက်ပါတို့တွင် မည်သည်က အားလုံးအကျုံးဝင်သည့် စာသင်ခန်း၏အင်္ဂါများ ဖြစ်ပါသနည်း (နှစ်ခုရွေးပါ)

က. သင်ခန်းစာများက ကလေးအားလုံး ပါဝင်ရန် အားပေးသည်
ခ. ကလေးတိုင်း ဖတ်စာအုပ်ရှိသည်
ဂ. ကလေးအားလုံးကို ထည့်တွေးပြီး သင်ကြားရေးကို စီစဉ်သည်
ဃ. အတန်းတွင်း ကလေး ၃၀ အောက်သာရှိသည်

## သင်ရိုးပိုင်း ၁- အဆုံးသတ်ပဟေဠိ - အဖြေများ

**(အဖြေကို စာလုံးမည်းဖြင့် ပေးထားသည်)**

မေးခွန်း ၁ - အားလုံးအကျုံးဝင်မှုဆိုသည်မှာ ---

က. မသန်မစွမ်းကလေးများကို သင်ကြားမှုအကြောင်း တွေးခြင်းသာဖြစ်သည်

**ခ. မည်မျှခြားနားသည်ဖြစ်စေ ကလေးအားလုံး အတူတကွ လေ့လာ ကြီးပြင်းစေနိုင်မည့် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်**

မေးခွန်း ၂ - အားလုံးအကျုံးဝင်မှုမှာ ကလေးတိုင်း၏ ---------------- ကိုတန်ဖိုးထားသည့်အခါ ရရှိနိုင်သည်
က. တက်ရောက်မှု၊ လုပ်ဆောင်မှုနှင့် စွမ်းဆောင်မှု
ခ. တိုးတက်မှု၊ ပါဝင်မှုနှင့် စွမ်းဆောင်မှု
**ဂ. တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှု**
ဃ. ပုဂ္ဂိုလ်ရည်၊ တိုးတက်မှုနှင့် အောင်မြင်မှု

မေးခွန်း ၃ - အားလုံးအကျုံးဝင်မှုအတွက် အကြီးမားဆုံးအတားအဆီးမှာ -------- ဖြစ်ပါသည်(နှစ်ခုရွေးပါ)
**က. ကလေးတို့၏အခက်အခဲမှ သင်ယူမှုကို ရပ်တန့်စေသည်ဟုထင်မြင်လျှင်**
ခ. မျက်မမြင်ခြင်းကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ မတူခြားနားလျှင်
ဂ. ကလေးတစ်ယောက်က နွမ်းပါးသည့် မိသားစုမှ လာပြီး အလုပ်လုပ်ရလျှင်
**ဃ. ကလေးတစ်ယောက် မပါဝင်နိုင်အောင် သင်ယူမှုဝန်းကျင်ကို ခက်ခဲအောင်လုပ်ထားလျှင်**

မေးခွန်း ၄- အောက်ပါတို့တွင် မည်သည်က အားလုံးအကျုံးဝင်သည့် ကျောင်း၏အင်္ဂါများ ဖြစ်ပါသနည်း (နှစ်ခုရွေးပါ)

က. မသန်မစွမ်းများအတွက်အထူးပြုဆရာ/မ

**ခ. လူတိုင်းသည် မိမိတို့အားလက်ခံသည်ဟု ခံစားရသည်**

**ဂ. ကလေးများကို ညီတူညီမျှ တန်ဖိုးထားသည်**

ဃ. သင်ကြားရေးအတွက် ကွန်ပျူတာ ရနိုင်သည်

မေးခွန်း ၅ - အောက်ပါတို့တွင် မည်သည်က အားလုံးအကျုံးဝင်သည့် စာသင်ခန်း၏အင်္ဂါများ ဖြစ်ပါသနည်း (နှစ်ခုရွေးပါ)

**က. သင်ခန်းစာများက ကလေးအားလုံး ပါဝင်ရန် အားပေးသည်**

ခ. ကလေးတိုင်း ဖတ်စာအုပ်ရှိသည်

**ဂ. ကလေးအားလုံးကို ထည့်တွေးပြီး သင်ကြားရေးကို စီစဉ်သည်**

ဃ. အတန်းတွင်း ကလေး ၃၀ အောက်သာရှိသည်

## လုပ်ဆောင်ချက် ၁.၁၄ မိမိကိုယ်တိုင်သင်ကြားရေးအလေ့အကျင့်တိုးတက်စေခြင်း (၃၀ မိနစ်)

စောစောပိုင်းက လုပ်ဆောင်ချက်အတွက် မိမိ၏အဖြေများအပေါ် ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း- ဌာနမှူးက သင့်စာသင်ခန်းအတွင်း အားလုံးအကျုံးဝင်မှုအလေ့အကျင့်အကြောင်းမေးမြန်းရန် တွေ့ဆုံလိုပါသည်။ အောက်ပါမေးခွန်းများကို စေ့စေ့စပ်စပ်တွေးစေပါသည်။ သင်ကြားရေး ဂျာနယ်တွင် မှတ်စုရေးပါ-

**အတန်းတွင်းရှိ ကျောင်းသူ/သားအားလုံး ၎င်းတို့၏ တက်ရောက်မှု၊ ပါဝင်မှုနှင့်အောင်မြင်မှုများကို တန်ဖိုးထားသည်ဟု ခံစားရပါသလား။**

- မည်ကဲ့သို့စူးစမ်းနိုင်ပါမည်နည်း
- တန်ဖိုးထားသည်ဟု ခံစားရအောင် ၎င်းတို့အား မည်ကဲ့သို့ ကူညီနိုင်ပါမည်နည်း

**အတန်းတွင်း/ကောလိပ်တွင်း မိန်းကလေးများမှ ညီတူညီမျှပါဝင်ပြီး အောင်မြင်ရန် အားပေးပါသလား။**

- မိန်းကလေးများ ပါဝင်လာအောင် မည်ကဲ့သို့လုပ်ဆောင်နိုင်ပါမည်နည်း

**သင်က အားလုံးအကျုံးဝင်သည့် ဆရာ/မဖြစ်ပါသလား။**

- အားလုံးအကျုံးဝင်မှုအကြောင်း ကျောင်းသူ/သားများနားလည်အောင် မည်သို့ကူညီနိုင်ပါမည်နည်း။

## လုပ်ဆောင်ချက် ၁.၁၅ - မိမိကိုယ်မိမိစစ်ဆေးခြင်း (၁၀ မိနစ်)

သုံးသပ်ပါ - ယခုအခါ မိမိလုပ်ငန်းတွင် **အားလုံးအကျုံးဝင်မှု**အကြောင်း မည်မျှ**ယုံကြည်စိတ်ချပြီ**ဖြစ်ကြောင်း ထပ်တွေးပါ။ အောက်ပါစကေးကိုကြည့်ပြီး သင့်အားအကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းကို ရွေးပါ။

| စိတ်မချပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | အလွန်စိတ်ချပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအစမှ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုတွင်ပေးထားသည့် အမှတ်နှင့် **ပြန်တိုက်**ကြည့်ပါ။ ခြားနားချက်များရှိခဲ့လျှင် သင်ယူမှုဂျာနယ်တွင် သုံးသပ်ချက်အတိုတစ်ခု ရေးပါ။

# ကျောင်းသူ/သားများအတွက် မိမိ၏ကတိ

1 စီစဉ်ပါ

**တွေးပါ**

အားလုံးအကျုံးဝင်မှုတိုးတက်အောင် သုံးလိုသည့် ဤသင်ရိုးပိုင်းမှ

2 လုပ်ဆောင်ပါ

**ကတိပေးပါ**

လာမည့် 'x' သီတင်းပတ်အတွင်း အားလုံးအကျုံးဝင်မှုတိုးတက်အောင်

3 ပြန်လှန်သုံးသပ်ပါ

**အကဲဖြတ်ပါ**

'x'သီတင်းပတ်အတွင်း မိမိအတွေးအမြင်ကြောင့် မိမိအလေ့အကျင့်

**မိမိ၏သင်ယူမှုဂျာနယ်တွင် 'ကတိကဝတ်များ' ဟူသော ခေါင်းစဉ်ဖြင့် အပိုင်းတစ်ပိုင်းထည့်သွင်းပါ။ သင်ရိုးပိုင်းတိုင်းတွင် မိမိ၏သင်ယူသူများအတွက် ကတိတစ်ခုစီပြုလုပ်ပါ။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။**

# ကျမ်းကိုးစာရင်း

IBE (2018) International Bureau of Education 'Training Tools for Curriculum Development – Reaching Out to All Learners: a Resource Pack for Supporting Inclusive Education'
Available online at:
http://www.ibe.unesco.org/sites/default/files/resources/ibe-crp-inclusiveeducation-2016_eng.pdf

Light for the World (2018) What is Inclusive Education?
https://www.youtube.com/watch?v=GrdcE6iKV-k

Pact Myanmar (2019) The Bravest Girl: Fostering Inclusive Education in Kayah State, Myanmar.
https://www.youtube.com/watch?v=j0aiuxq_Uh0

The George Washington University - Milken Institute School of Public Health (2020) Equity vs. Equality: What's the Difference?
https://onlinepublichealth.gwu.edu/resources/equity-vs-equality/

UN Sustainable Development Goals - 4
Ensure inclusive and equitable quality education and promote lifelong learning opportunities for all
Available online at:
https://sdgs.un.org/goals/goal4

UN Sustainable Development Goals - 10
Reduce inequality within and among countries
Available online at:
https://sdgs.un.org/goals/goal10

UNESCO (2015) Embracing Diversity: toolkit for creating inclusive, learning-friendly environments – Booklet 4.
Available online at:
https://unesdoc.unesco.org/ark:/48223/pf0000137522

UNICEF (2015) Inclusive Education - Education Equity Now
https://www.youtube.com/watch?v=8HPh4RoV63s

UNICEF (2015) What does education mean to you?
https://www.youtube.com/watch?v=Un5msddQl6U